ဒို့တာဝန်အရေးသုံးပါး
❍ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
❍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
❍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား
❍ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
❍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❍ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
❍ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
❍ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
❍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
❍ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
❍ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက်(၄)ရပ်
❍ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
❍ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
❍ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
❍ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်
❍ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
❍ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
❍ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
❍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်



# ဘရာဇီးတို့ရဲ့အိပ်မက်ကို ဟော်လန်တို့ ချိုးဖျက်ပစ်လိုက်ပြီး

# ကံကောင်းတဲ့ဥရုဂွေးတို့ ပင်နယ်တီနဲ့ ဂါနာကိုကျော်ဖြတ်နိုင်ခဲ့

## ဟော်လန် ၂ - ၁ ဘရာဇီး

မီလို (၅၃-OG) ရော်ဘင်ဟို (၁၀)
ရှနိုက်ဒါ (၆၈)

ဟော်လန်နဲ့ ဘရာဇီးတို့တွေ့ဆုံတဲ့ ကွာတားဖိုင်နယ်ပွဲစဉ်(၁)မှာ ဟော်လန်ကအနိုင်ရပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်သွားနိုင်ခဲ့ပါတယ်။ တိုက်စစ်အားသန်တဲ့ အသင်းတွေပီပီ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဆင်ကစားခဲ့ကြပါတယ်။ ပွဲအစ ၇ မိနစ်မှာ ရော်ဘင်ဟိုဂိုးသွင်းယူနိုင်ခဲ့ပေမယ့် လူကျွံဘောအဖြစ် သတ်မှတ်ခဲ့လို့ ဘရာဇီးတို့ နစ်နာခဲ့ရပါတယ်။ ၁၀ မိနစ်မှာ ဘရာဇီး ဦးဆောင်ဂိုးရရှိသွားခဲ့ပါတယ်။ မီလို မျှောထိုးပေးတာကနေ ရော်ဘင်ဟိုက ရေိယာထဲဆွဲဝင်ပြီး စတီကယ်လင်ဘက်နဲ့ တစ်ယောက်ချင်းအတွေ့မှာ ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘရာဇီးက ဘောလုံးပိုင်ဆိုင်မှုအသာစီးနဲ့ ကစားသွားခဲ့ပါတယ်။ ၃၁ မိနစ်မှာ ကာကာ ရေိယာထိပ်ကနေ ကန်သွင်းတဲ့ဘောလုံးကို ဟော်လန်ဂိုးသမား စတီကယ်လင်ဘက် ပုတ်ထုတ်ကာကွယ်ခဲ့ရပါတယ်။ ပထမပိုင်းပြီးခါနီးမှာ မိုင်ကွန်ရဲ့ ကန်ချက်ကို စတီကယ်လင်ဘက် ပုတ်ထုတ်ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ဟော်လန်က ချေပဂိုးရဖို့ ကစားအားမြှင့်တင်လာခဲ့ပါတယ်။ ၅၃ မိနစ်မှာ ဟော်လန် ချေပဂိုးရရှိသွားခဲ့ပါတယ်။ ရော်ဘင်ပေးတဲ့ဘောလုံးကနေ ရှနိုက်ဒါကန်သွင်းရာမှာ မီလိုနဲ့ထိပြီး ဂိုးဝင်သွားခဲ့တာ ဖြစ်ပါတယ်။ ဟော်လန်တို့ ဆက်လက်ဖိကစားလာပြီး ၆၈ မိနစ်မှာ ထောင့်ကန်ဘောကတစ်ဆင့် ရှနိုက်ဒါက ခေါင်းတိုက်သွင်းယူခဲ့လို့ ဟော်လန် အနိုင်ဂိုး ရခဲ့ပါတယ်။ ၇၃ မိနစ်မှာ ကစားပုံကြမ်းတဲ့ မီလို တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

| ဟော်လန် | | ဘရာဇီး |
|---|---|---|
| ၀ | ပထမပိုင်းရလဒ် | ၁ |
| ၁၁ | ဂိုးပေါက်ကန်သွင်းမှု | ၁၅ |
| ၄ | ထောင့်ကန်ဘော | ၈ |
| ၃ | လူကျွံဘော | ၃ |
| ၄ | အဝါကတ် | ၁ |
| ၀ | အနီကတ် | ၁ |
| ၅၁ % | ဘောလုံးပိုင်ဆိုင်မှု | ၄၉ % |




## ဥရုဂွေး ၁ - ၁ ဂါနာ

ဖော်လန် (၅၅) မွန်တာရီ (၄၅)

ဥရုဂွေးနဲ့ ဂါနာတို့ရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်မှာ မိနစ် ၉၀ ပြည့်တဲ့အထိ ၁-၁ သရေကျခဲ့ပြီး အချိန်ပိုဆက်လက်ကစားရာမှာလည်း အရှုံးအနိုင်မပေါ်ဘဲ ပင်နယ်တီမှာတော့ ဥရုဂွေးက ၄-၂ နဲ့ အနိုင်ရသွားခဲ့ပါတယ်။

ဥရုဂွေးဟာ ပွဲစတာနဲ့ ဂါနာဘက်ကို တစ်ဖက်သတ်နီးပါး ထိုးဖောက်ကစားခဲ့ပါတယ်။ ဂါနာကတော့ တန်ပြန်တိုက်စစ်ကတစ်ဆင့် ထိုးဖောက်ပြီး ခံစစ်အသားပေးကစားခဲ့ပါတယ်။ ပွဲအစသုံးမိနစ်မှာ ဖော်လန် ရေိယာထဲဆွဲဝင်ပြီး ကန်သွင်းတဲ့ဘောလုံး ဂိုးဘားတန်းပေါ်ကျော်သွားခဲ့ပါတယ်။ ၁၀ မိနစ်မှာ ဆွာရက်ဇ် ရေိယာထဲဆွဲဝင်ကန်သွင်းပေမယ့် ဂါနာဂိုးသမား ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ၂၄ မိနစ်မှာ ဆွာရက်ဇ် ရေိယာထိပ်ကနေကန်သွင်းပေမယ့် ဂါနာဂိုးသမား ထပ်မံကာကွယ်သွားနိုင်ခဲ့ပါတယ်။ ၂၉ မိနစ်မှာ ထောင့်ကန်ဘောကတစ်ဆင့် ဖော်ဆာ ခေါင်းတိုက်ပေမယ့် ဘေးထွက်သွားခဲ့ပါတယ်။ ပထမပိုင်းပြီးခါနီးမှာ ဂါနာ ဦးဆောင်ဂိုးရရှိသွားခဲ့ပါတယ်။ ကွင်းလယ်လူမွန်တာရီ အဝေးကနေ အပြင်းကန်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမပိုင်းမှာ ဂါနာက ၁-၀ နဲ့ ဦးဆောင်နေခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ဥရုဂွေးက ချေပဂိုးရဖို့ကြိုးစားလာခဲ့ပါတယ်။ ပွဲချိန် ၅၅ မိနစ်မှာ ဥရုဂွေး ချေပဂိုးရရှိသွားခဲ့ပါတယ်။ ရေိယာအစပ်မှာရတဲ့ ဖရီးကစ်ကို တိုက်စစ်မှူးဖော်လန်က တိုက်ရိုက်ကန်သွင်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ နှစ်သင်းစလုံး အနိုင်ဂိုးရဖို့ ကြိုးစားကစားခဲ့ကြပေမယ့် အခွင့်အရေးတွေ အသုံးမချနိုင်ခဲ့ဘဲ ၁-၁ သရေရလဒ်နဲ့ မိနစ် ၉၀ ပြီးဆုံးခဲ့ပါတယ်။ ဒါကြောင့် အချိန်ပိုမိနစ် ၃၀ ဆက်လက်ကစားခဲ့ရပါတယ်။ အချိန်ပိုမှာလည်း နှစ်ဖက်စလုံး အနိုင်ရဖို့ အကြိတ်အနယ်ကစားပေမယ့် ဂိုးမရခဲ့ပါဘူး။ အချိန်ပိုနောက်ဆုံးမိနစ်မှာ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ် ရေိယာထဲမှာ ဘောလုံးကိုလက်နဲ့ပုတ်တာကြောင့် ဂါနာ ပင်နယ်တီရခဲ့ပြီး ဂိုင်ယန်ကန်သွင်းရာမှာ လွဲချော်ခဲ့ပါတယ်။

| | | | | | |
|---|---|---|---|---|---|
| ဥရုဂွေး | ဝင် | ဝင် | ဝင် | မဝင် | ဝင် |
| ဂါနာ | ဝင် | ဝင် | မဝင် | မဝင် | |




∗ ဒီပွဲဟာဟော်လန်နဲ့ ဘရာဇီးတို့ ၁၀ ကြိမ်မြောက်တွေ့ဆုံတဲ့ပွဲလည်းဖြစ်ပါတယ်။ ယခင် ၉ ကြိမ်တွေ့ဆုံခဲ့ရာမှာ ဘရာဇီးကသုံးပွဲနိုင်ပြီး ဟော်လန် ကနှစ်ပွဲနိုင်ကာ လေးပွဲသရေကျခဲ့ပါတယ်။ သူတို့ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သုံးကြိမ်တွေ့ဆုံခဲ့ဖူးပါတယ်။ ၁၉၇၄ ကမ္ဘာ့ဖလား ဒုတိယအဆင့် အုပ်စုပွဲမှာဟော်လန်က ၂-၀နဲ့ အနိုင်ရခဲ့ပါတယ်။ ၁၉၉၄ ကွာတားဖိုင်နယ်မှာ ဘရာဇီးက ၃-၂ နဲ့အနိုင်ရခဲ့ပါတယ်။ ၁၉၉၈ ဆီမီးဖိုင်နယ်မှာ ၁-၁ သရေကျနေခဲ့ပြီး ဘရာဇီးကပင်နယ်တီနဲ့ အနိုင်ရခဲ့ပါတယ်။

∗ ဟော်လန်ဟာ ၂၀၀၈ စက်တင်ဘာက ဩစတြေးလျကို ၂-၁ နဲ့ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်းမှာ ရှုံးပွဲမရှိပဲ ၂၃ပွဲ ရှုံးပွဲမရှိစံချိန်တင်ထားပါတယ်။ သူတို့ဟာအသင်းသမိုင်းတလျှောက် ကမ္ဘာ့ဖလားမှာလေးပွဲဆက် အနိုင်ရတဲ့စံချိန် တင်ထားနိုင်ပါတယ်။

∗ ဘရာဇီးဟာကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ်ကို ၁၆ ကြိမ်တက်ရောက်လာနိုင်တာဖြစ်ပါတယ်။ဘရာဇီးဟာ သူတို့ကစားခဲ့တဲ့ နောက်ဆုံးပွဲ ၃၀ မှာတစ်ပွဲသာရှုံးနိမ့်ထားပါတယ်။ သူတို့ဟာပြီးခဲ့တဲ့ ကမ္ဘာ့ဖလား ၁၈ ကြိမ်စလုံးမှာ ပါဝင် ခွင့်ရခဲ့ပါတယ်။

∗ ဒီပွဲဟာ ဥရုဂွေးနဲ့ဂါနာတို့ ပထမဆုံးအကြိမ်တွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်။

∗ ဥရုဂွေးဟာ ၁၉၇၀ နောက်ပိုင်း ကွာတားဖိုင်နယ်ကိုပထမဆုံးအကြိမ် ပြန်လည်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၁၉၇၀ ကွာတားဖိုင်နယ်မှာ သူတို့ဟာ ဆိုဗီယက်ကို ၁-၀ နဲ့ အနိုင်ရခဲ့ပြီး ဆီမီးမှာဘရာဇီးကို ၃-၁ နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

∗ ဥရုဂွေးဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာ ပေးဂိုးတစ်ဂိုးသာရှိပါတယ်။ သူတို့ဟာနောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလား ခြောက်ပွဲမှာ ရှုံးပွဲမရှိပါဘူး။

∗ တောင်ကိုရီးယားနဲ့ပွဲမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဆွာရက်စ်ဟာ ၁၉၅၄ က ကိုဘက်ဇ် နောက်ပိုင်းကမ္ဘာ့ဖလားမှာ နှစ်ပွဲဆက်ဂိုးသွင်းသူဖြစ် လာခဲ့ပါတယ်။

∗ ဂါနာဟာ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့တဲ့ တတိယမြောက် အာဖရိကအသင်းဖြစ်ပါတယ်။ သူတို့အရင်က ကွာတားတက်ခဲ့တဲ့အသင်းတွေကတော့ ၁၉၉၀ မှာ ကင်မရွန်းနဲ့ ၂၀၀၂ မှာ ဆီနီဂေါတို့ဖြစ်ပါတယ်။ ဒီပွဲမှာ အနိုင်ရခဲ့ရင် သူတို့ဟာဆီမီးဖိုင်နယ် တက်ရောက်နိုင်တဲ့ ပထမဆုံးအာဖရိကအသင်းဖြစ်လာမှာပါ။

# အာဂျင်တီးနားနှင့်တွေ့ဆုံရန် စိတ်စောနေသည်ဟု ဂျိုအာချင်လို ဝန်ခံ



အာဂျင်တီးနားအသင်းနည်းပြ မာရာဒိုနာအနေဖြင့် ဂျာမနီနှင့် ရင်ဆိုင်ရမည့် ကွာတားဖိုင်နယ်ပွဲစဉ်အတွက် များစွာစဉ်းစားထားရန် လိုအပ်သကဲ့သို့ ငွေကြေးအတွက် နည်းပြလုပ်ခြင်းဖြစ်ပါက လက်လျှော့သင့်ပြီဖြစ်ကြောင်း သောကြာနေ့နံနက်တွင် ပြုလုပ်ခဲ့သည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ၁၉၈၆ ခုနှစ်ကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်းအား ဗိုလ်လုပွဲ၌ လက်ဖြင့်ပုတ်သွင်းကာ အနိုင်ရဗိုလ်စွဲခဲ့သော မာရာဒိုနာသည် ၁၉၉၀ ကမ္ဘာ့ဖလား၌ ဗိုလ်လုပွဲတွင် ဂျာမနီအသင်းအား ရှုံးနိမ့်ခဲ့ဖူးသည်။

ဂျာမနီအသင်း၏နည်းပြဖြစ်သူ ဂျိုအာချင်လိုက *"ကျွန်တော်တို့အသင်းမှာ မာရာဒိုနာလိုလူတွေ ရှိပါတယ်။ ၁၉၈၆ ကမ္ဘာ့ဖလားမှာ သူ အစွမ်းပြနိုင်ခဲ့တာ အားလုံးအသိပါပဲ။ သူ့ရဲ့အရည်အချင်းကို ဘယ်သူမှ လိုက်မမီနိုင်သေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ သူ့ကို ကြောက်လန့်စရာမလိုပါဘူး။ ကျွန်တော်တို့အသင်းသားတွေအားလုံးဟာ သူ့ကစားသမားတွေအားလုံးထက် အစွမ်းပြနိုင်တဲ့လူတွေချည်းပါပဲ။ အာဂျင်တီးနားအသင်းနဲ့ရင်ဆိုင်ရမယ့် ကွာတားဖိုင်နယ်ပွဲစဉ်ကို ရောက်ရှိဖို့အတွက် အချိန်တွေစောင့်ဆိုင်းရတာကို ကျွန်တော် စိတ်မရှည်နိုင်တော့ပါဘူး။ ကျွန်တော်တို့တစ်သင်းလုံး စိတ်အားတက်ကြွနေပါတယ်"* ဟု ဂျာမနီနည်းပြ ဂျိုအာချင်လိုက ပြောကြားခဲ့သည်။

## စပိန်အသင်းကို ပါရာဂွေးနိုင်ခဲ့လျှင် အောင်ပွဲခံမည့် လာရီဆာ

ပါရာဂွေးနိုင်ငံမှ နာမည်ကျော်မော်ဒယ်အမျိုးသမီးဖြစ်သူ လာရီဆာက ပါရာဂွေးအသင်း ကမ္ဘာ့ဖလားတွင် ဗိုလ်စွဲခဲ့ပါက ဝတ်လစ်စလစ်ဖြင့် ပါရာဂွေးနိုင်ငံ၏မြို့တော်တွင် ပြေးလွှားပြမည်ဟု ဆိုခဲ့ရာမှ ယခုအခါတွင် ကွာတားဖိုင်နယ်၌ စပိန်အသင်းကို အနိုင်ရခဲ့ပါက ဝတ်လစ်စလစ်ဖြင့် အောင်ပွဲခံပြမည်ဟု ထပ်မံကြေညာလိုက်ကြောင်း သိရသည်။

လာရီဆာသည် မူလက ပါရာဂွေးအသင်းဗိုလ်စွဲလျှင် ဝတ်လစ်စလစ်ဖြင့် ဓာတ်ပုံအရိုက်ခံပြမည်ဟုဆိုခဲ့ရာမှ ဗိုလ်စွဲမည်ဆိုပါက ပါရာဂွေး၏မြို့တော်ထက်၌ ဝတ်လစ်စလစ်ဖြင့် ပြေးလွှားပြမည်ဟုဆိုခဲ့ပြီး ယခုအခါတွင် ကွာတားဖိုင်နယ်၌ စပိန်အသင်းကို အနိုင်ရပါက ဝတ်လစ်စလစ်ဖြင့် အောင်ပွဲခံမည်ဟု ဆိုလာခဲ့ခြင်းဖြစ်သည်။



### Paddy Power ၏ ပထမ၊ ဒုတိယ ခန့်မှန်းမှုများ

| | |
|---|---|
| (ပ)ဘာရာဇီး-စပိန်(ဒု) | ၆/၁ |
| (ပ)စပိန်-ဘာရာဇီး(ဒု) | ၁၃/၂ |
| (ပ)ဘာရာဇီး-အာဂျင်တီးနား(ဒု) | ၉/၁ |
| (ပ)စပိန်-ဟော်လန်(ဒု) | ၁၀/၁ |
| (ပ)စပိန်-ဥရုဂွေး(ဒု) | ၁၁/၁ |
| (ပ)အာဂျင်တီးနား-ဘာရာဇီး(ဒု) | ၁၁/၁ |
| (ပ)ဘာရာဇီး-ဂျာမနီ(ဒု) | ၁၁/၁ |
| (ပ)ဟော်လန်-စပိန်(ဒု) | ၁၄/၁ |
| (ပ)ဂျာမနီ-ဘာရာဇီး(ဒု) | ၁၇/၁ |
| (ပ)အာဂျင်တီးနား-ဟော်လန်(ဒု) | ၁၇/၁ |
| (ပ)အာဂျင်တီးနား-ဥရုဂွေး(ဒု) | ၁၈/၁ |
| (ပ)ဟော်လန်-အာဂျင်တီးနား(ဒု) | ၂၀/၁ |
| (ပ)ဂျာမနီ-ဟော်လန်(ဒု) | ၂၂/၁ |
| (ပ)စပိန်-ဂါနာ(ဒု) | ၂၂/၁ |
| (ပ)ဟော်လန်-ဂျာမနီ(ဒု) | ၂၅/၁ |
| (ပ)ဥရုဂွေး-စပိန်(ဒု) | ၂၅/၁ |
| (ပ)ဂျာမနီ-ဥရုဂွေး(ဒု) | ၂၅/၁ |
| (ပ)ဘာရာဇီး-ပါရာဂွေး(ဒု) | ၃၃/၁ |
| (ပ)အာဂျင်တီးနား-ဂါနာ(ဒု) | ၃၃/၁ |
| (ပ)ဥရုဂွေး-အာဂျင်တီးနား(ဒု) | ၃၅/၁ |
| (ပ)ဥရုဂွေး-ဂျာမနီ(ဒု) | ၄၅/၁ |
| (ပ)ဂျာမနီ-ဂါနာ(ဒု) | ၄၅/၁ |
| (ပ)ဂါနာ-စပိန်(ဒု) | ၆၀/၁ |

### ကွာတားဖိုင်နယ်ရောက် အသင်းများအပေါ် ဝီလျံဟေးလ်၏ ခန့်မှန်းမှုများ

| | နိုင် | သရေ | နိုင် |
|---|---|---|---|
| ၁။ အာဂျင်တီးနား Vs ဂျာမနီ | ၁၁/၈ | ၂/၁ | ၉/၄ |
| ၂။ ပါရာဂွေး Vs စပိန် | ၇/၁ | ၃/၁ | ၄/၉ |

### ဝီလျံဟေးလ်၏ ကွာတားဖိုင်နယ်အသင်းများ ဆီမီးတက်ရန် ခန့်မှန်းမှုများ

| | |
|---|---|
| ဟော်လန် | ၁၃/၈ |
| ဘာရာဇီး | ၄/၉ |
| ဥရုဂွေး | ၄/၉ |
| ဂါနာ | ၁၃/၈ |
| အာဂျင်တီးနား | ၄/၆ |
| ဂျာမနီ | ၁၁/၁၀ |
| ပါရာဂွေး | ၇/၂ |
| စပိန် | ၁/၆ |

### Paddy Power ၏ ဗိုလ်လုပွဲရောက်နှစ်သင်း ခန့်မှန်းမှုများ

| | |
|---|---|
| စပိန်-ဘာရာဇီး | ၃/၁ |
| ဘာရာဇီး-အာဂျင်တီးနား | ၉/၂ |
| စပိန်-ဟော်လန် | ၁၃/၂ |
| ဘာရာဇီး-ဂျာမနီ | ၁၅/၂ |
| စပိန်-ဥရုဂွေး | ၁၀/၁ |
| အာဂျင်တီးနား-ဟော်လန် | ၁၁/၁ |
| ဂျာမနီ-ဟော်လန် | ၁၄/၁ |
| အာဂျင်တီးနား-ဥရုဂွေး | ၁၄/၁ |
| စပိန်-ဂါနာ | ၂၀/၁ |

### ကွာတားဖိုင်နယ်ပွဲစဉ် ရလဒ်များ

ဟော်လန် ၂ - ၁ ဘာရာဇီး

ဥရုဂွေး ၁ - ၁ ဂါနာ

(ပင်နယ်တီ (၄-၂) ဖြင့် ဥရုဂွေးဆီမီးဖိုင်နယ်တက်ရောက်)

## ဂိုးသွင်းမှု မှတ်တမ်း

- စုစုပေါင်းသွင်းဂိုး - ၁၂၃ ဂိုး (၁၆ သင်းရှုံးထွက်ပွဲစဉ်များအပြီး)
- ပျမ်းမျှသွင်းဂိုး - ၂.၂၃ ဂိုး
- ဟက်ထရစ်ရသည့်အရေအတွက် - ၁ (ဟီဂူအင်/အာဂျင်တီးနား)
- ပင်နယ်တီရသည့်အရေအတွက် - ၁၂ ကြိမ်
- ပင်နယ်တီမှရသည့်ဂိုးအရေအတွက် - ၉ ဂိုး
- ဂိုးသွင်းအများဆုံးသူများ - ၄ ဂိုး/ ဟီဂူအင် (အာဂျင်တီးနား)၊ ဗစ်တက်(ဆလိုဗက်ကီးယား)၊ ဒေးဗစ်ဗီလာ(စပိန်)
- ဂိုးအများဆုံးသွင်းသည့်အသင်း - ၁၀ ဂိုး/ အာဂျင်တီးနား
- ဂိုးအများဆုံးပေးရသည့်အသင်း - ၁၂ ဂိုး/ မြောက်ကိုရီးယား
- တစ်ပွဲအတွင်း ဂိုးအများဆုံးသွင်းသည့်ပွဲ - ၇ ဂိုး/ ပေါ်တူဂီ-မြောက်ကိုရီးယား
- သုံးပွဲဆက် ပေးဂိုးမဲ့အသင်းများ - ၃ ပွဲ/ ပါရာဂွေး၊ ပေါ်တူဂီ၊ ဥရုဂွေး

## စည်းကမ်းပိုင်းဆိုင်ရာ မှတ်တမ်း

- အဝါကတ်အရေအတွက် - ၂၁၈ ကတ် (၁၆ သင်းရှုံးထွက်ပွဲစဉ်များအပြီး)
- တစ်ပွဲလျှင် ပျမ်းမျှအဝါကတ် - ၃.၈၉ ကတ်
- အနီကတ်စုစုပေါင်း - ၁၄ ကတ်
- တစ်ပွဲလျှင် ပျမ်းမျှအနီကတ် - ၀.၂၅ ကတ်
- ပထမဆုံးအဝါကတ် - ဂျူအာရက်စ် (မက္ကဆီကို) တောင်အာဖရိကနှင့်ပွဲတွင် ပြခံရခြင်းဖြစ်
- ပထမဆုံးအနီကတ် - လိုဒရီယို (ဥရုဂွေး) ပြင်သစ်နှင့်ပွဲတွင် ပြခံရခြင်းဖြစ်
- အမြန်ဆုံးအဝါကတ် - ပွဲချိန် ၁.၂၀ မိနစ်တွင် ချီလီမှ ဆွာဇို ဆွစ်ဇာလန်နှင့်ပွဲတွင် ပြခံရခြင်းဖြစ်
- အဝါကတ်အများဆုံးပြခံရသည့်အသင်း - ၁၄ ကတ်၊ ချီလီ
- အနီကတ်အများဆုံးပြခံရသည့်အသင်း - ၂ ကတ်၊ သြစတြေးလျ၊ အယ်ဂျီးရီးယား
- အဝါကတ်အနည်းဆုံးပြခံရသည့်အသင်း - ၁ ကတ်၊ စပိန်
- အဝါကတ်အနည်းဆုံးပြခံရသည့်ပွဲ - ၀ ကတ်၊ မြောက်ကိုရီးယားနှင့် အိုင်ဗရီကို့စ်

### ဝီလျံဟေးစ်၏ ဗိုလ်စွဲရန်အလေးပေးမှုများ

| | |
|---|---|
| ဘာရာဇီး | ၅/၂ |
| စပိန် | ၁၁/၄ |
| အာဂျင်တီးနား | ၉/၂ |
| ဂျာမနီ | ၁၃/၂ |
| ဟော်လန် | ၇/၁ |
| ဥရုဂွေး | ၁၆/၁ |
| ဂါနာ | ၄၀/၁ |
| ပါရာဂွေး | ၅၀/၁ |

### ကတ်အများဆုံးပြထားသော ဒိုင်လူကြီးများ

| | ပွဲ | အနီ | အဝါ |
|---|---|---|---|
| ၁။ ဗယ်ဒက်စီ (အာဂျင်တီးနား) | ၄ ပွဲ | ၂ | ၁၄ |
| ၂။ လာရီရန်ဒါ (ဥရုဂွေး) | ၄ ပွဲ | ၀ | ၁၄ |
| ၃။ ဘလီကာရီ (ဘယ်လ်ဂျီယံ) | ၃ ပွဲ | ၁ | ၁၆ |
| ၄။ မင်လန်ကို (စပိန်) | ၃ ပွဲ | ၁ | ၁၄ |
| ၅။ မီရှီမူရာ (ဂျပန်) | ၃ ပွဲ | ၁ | ၁၂ |
| ၆။ ဟောင်းဝပ်ဝက်ဘ် (အင်္ဂလန်) | ၃ ပွဲ | ၀ | ၁၇ |
| ၇။ ကာဆိုင်း (ဟန်ဂေရီ) | ၃ ပွဲ | ၀ | ၉ |

### ဂိုးအများဆုံးသွင်းထားသူများ

| | | |
|---|---|---|
| ၁။ ဟီဂူအင် | (အာဂျင်တီးနား) | ၄ ဂိုး |
| ၂။ ဗစ်တက် | (ဆလိုဗက်ကီးယား) | ၄ ဂိုး |
| ၃။ ဒေးဗစ်ဗီလာ | (စပိန်) | ၄ ဂိုး |
| ၄။ ဖေဘီယာနို | (ဘာရာဇီး) | ၃ ဂိုး |
| ၅။ ဆွာရက်ဇ် | (ဥရုဂွေး) | ၃ ဂိုး |
| ၆။ မူလာ | (ဂျာမနီ) | ၃ ဂိုး |
| ၇။ ရှနိုက်ဒါ | (ဟော်လန်) | ၃ ဂိုး |

### ဝီလျံဟေးလ်၏ ဂိုးအများဆုံးသွင်းသူ အလေးပေးမှု

| | |
|---|---|
| ဒေးဗစ်ဗီလာ (စပိန်) | ၇/၄ |
| ဟီဂူအင် (အာဂျင်တီးနား) | ၅/၂ |
| ဖေဘီယာနို (ဘာရာဇီး) | ၄/၁ |
| ဆွာရက်ဇ် (ဥရုဂွေး) | ၁၄/၁ |
| ဗန်ပါစီ (ဟော်လန်) | ၂၀/၁ |
| မူလာ (ဂျာမနီ) | ၂၀/၁ |
| ကလိုဆေး (ဂျာမနီ) | ၂၅/၁ |
| တီဗက်ဇ် (အာဂျင်တီးနား) | ၂၅/၁ |

Inforithm-Maze Innovating for eFuture
7DAY SPORTS journal
**Publisher** - ဒေါ်စုစုစိုးညွန့်(ယာယီ-၁၁၉၀) **Editor In Charge** - နေလင်းအောင် **Senior Editors** - ဘုန်းနိုင်ကိုကို၊ ထူးပြည့်ဝင်း
**Editor Members** - အောင်စန်းမိုး(Statistics)၊ ကျော်ကိုကို(Local)၊ ကျော်ရဲဗိုလ်(News)၊ **Correspondent**- မင်းကိုဇင်၊ **Local Photo** - အောင်အောင်
**Designers** - နန္ဒ၊ နေမျိုး **D.T.P** - တိုးဝင်းနိုင်၊ ယဉ်ယဉ်ထွေး၊ နွေးနွေးမွှေး
**Public Relation** - ထွန်းမြင့်ဦး၊ ထွန်းသူရစိုး၊ သက်ဇင်စိုး **Printing** - ပြေအေး **Film** - Eagle Colour Separation
*7Day Sports ဂျာနယ်တိုက်* - လပြည့်ဝန်းပလာဇာ (၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။
*ဖုန်း* - ၂၄၃၅၄၂၊ ၃၇၀၀၃၆၊ *လိုင်းခွဲ* - ၀၁၉ *Fax:* ၂၄၃၅၄၂ e-mail: orbit@myanmar.com.mm